Kaleida Health

# မိဘများ၏ ရပိုင်ခွင့်များ

**ယခုဆေးရုံတွင် ဆေးကုသမှု ခံယူနေသော အရွယ်မရောက်သေးသူ ကလေးလူနာ၏ မိဘ၊ တရားဝင်အုပ်ထိန်းသူ သို့မဟုတ် ဆုံးဖြတ်ချက်ချခွင့် ရှိသူ တစ်ဦးအနေနှင့် ဥပဒေကြောင်းအရ သင့်တွင် အောက်ပါ အခွင့်အရေးများ ရှိပါသည်-**

1. သင့်ကလေး၏ ကုသမှုတာဝန်ခံ ဆရာဝန်အမည်ကို သင်သိပါက ဆေးရုံကို အကြောင်းကြားပြီး ထိုအချက်အလက်ကို သင့်ကလေး၏ ဆေးမှတ်တမ်းတွင် မှတ်တမ်းတင်ထားရန်။

2. ကျွန်ုပ်တို့ဆေးရုံမှ အရည်အချင်း ပြည့်မှီသောဝန်ထမ်း၊ နေရာနှင့် သင့်လျော်သော ကိရိယာ တို့ကို ကလေး လူနာများ၏ သီးသန့် လိုအပ်ချက်နှင့် ကိုက်ညီအောင် စီစဉ်ပေးနိုင်သည့် အတိုင်းအတာ အထိသာ အရွယ်မရောက်သေးသူ လူနာများကို ဆေးရုံတွင် လက်ခံကြောင်း သေချာစေရန်။

3. သင့်ကလေး၏ ကျန်းမာရေးနှင့် ဘေးကင်းရေး လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် ဖြစ်နိုင်သမျှ အတိုင်းအတာအထိ အနည်းဆုံး မိဘ သို့မဟုတ် အုပ်ထိန်းသူတစ်ဦးကို သင့်ကလေးနှင့်အတူ အချိန်ပြည့် နေထိုင်ခွင့်ပြုရန်။

4. သင့်ကလေး ဆေးရုံတက်စဉ် သို့မဟုတ် အရေးပေါ်ခန်းသို့ ဝင်ရောက်စဉ်တွင် ပြုလုပ်သော စစ်ဆေးမှု အားလုံးအား သင့်ကလေး ဖြစ်ပွားနေသည့် အခြေအနေကို သိကျွမ်းနားလည်သည့် သမားတော်၊ သမားတော်အကူ၊ သို့မဟုတ် သူနာပြုမှ ပြန်လည် လေ့လာသုံးသပ်ရပါမည်။

5. သမားတော်၊ သမားတော်အကူ၊ နှင့်/သို့မဟုတ် သူနာပြုတို့မှ အရေးကြီးသော စစ်ဆေးမှု ရလဒ်များကို ပြန်လည်သုံးသပ်ပြီး သင့်ကို သို့မဟုတ် အခြားသော ဆုံးဖြတ်ချက်ချသူများ၊ ဖြစ်နိုင်ပါက သင့်ကလေးကို ပြောဆိုရှင်းပြခြင်း မပြုဘဲ ဆေးရုံ သို့မဟုတ် အရေးပေါ်ခန်းမှ ဆင်းခွင့်မပြုရန်။
   အရေးကြီးသော ရလဒ်များ  ဆိုသည်မှာ ချက်ချင်း ဆေးကုသမှု ခံယူရန် လိုအပ်သော အသက်အန္တရာယ်ရှိသည့် သို့မဟုတ် သိသာပြင်းထန်သည့် အခြေအနေများ ဖြစ်ပါသည်။

6. သင် သို့မဟုတ် ဖြစ်နိုင်ပါက သင့်ကလေးမှ စာဖြင့်ရေးထားသော ဆေးရုံဆင်းသည့် အစီအစဉ် ကို လက်ခံမရရှိမချင်း သင့်ကလေးအား ဆေးရုံ သို့မဟုတ် အရေးပေါ်ခန်းမှ ဆင်းခွင့်မပေးရန်၊ ထို ဆေးရုံဆင်းခွင့်အား သင်၊ သင့်ကလေး သို့မဟုတ် အခြား ဆုံးဖြတ်ချက်ချသူများကို နှုတ်ဖြင့်လည်း ပြောပြရပါမည်။ စာဖြင့်ရေးထားသော ဆေးရုံဆင်းခွင့် အစီအစဉ်တွင် သင့်ကလေး ဆေးရုံတက်စဉ် ပြုလုပ်ထားသော မည်သည့် အရေးကြီးသည့် ဓာတ်ခွဲခန်း သို့မဟုတ် အခြားရောဂါရှာဖွေမှု ရလဒ်များကိုမဆို ဖော်ပြပြီး မပါဝင်သေးသော အခြား စစ်ဆေးမှုများကိုလည်း ဖော်ပြရပါမည်။

7. သင်၊ သင့်ကလေး (ဖြစ်နိုင်ပါက) သို့မဟုတ် အခြား ဆေးကုသမှု ဆုံးဖြတ်ချက် ချမှတ်သူတို့ ကျန်းမာရေးအချက်အလက်များကို နားလည်ကာ သင့်လျော်သော ကျန်းမာရေး ဆုံးဖြတ်ချက်များကို ချမှတ်နိုင်စေရန် သင့်ကလေးအတွက် အရေးကြီးသော ရလဒ်များနှင့် ဆေးရုံဆင်းမည့် အစီအစဉ်တို့ကို စီစဉ်ပေးရန်။

8. သင့်ကလေး၏ တာဝန်ခံ ဆရာဝန်ကို သိပါက ဆေးရုံမှ သို့မဟုတ် အရေးပေါ်ခန်းတွင် ပြသရာမှ ရလာသော ဓာတ်ခွဲခန်းရလဒ်အားလုံးကို ပေးအပ်ရန်။

9. ယခု ကုသမှုအတွင်း ပြုလုပ်ခဲ့သော ရောဂါရှာဖွေမှု သို့မဟုတ် ထည့်သွင်းစဉ်းစားခဲ့သော ဖြစ်နိုင်ခြေရှိသည့် ရောဂါရှာဖွေမှု အချက်အလက်များ တောင်းဆိုမှုပြုရန်နှင့် ဖြစ်လာနိုင်သော အကျိုးဆက်ရှုပ်ထွေးမှုများနှင့် သင့်ကလေး၏ တာဝန်ခံ ဆရာဝန်နှင့် ဆက်သွယ်မှု ပြုလုပ်သည့် အချက်အလက်များကို တောင်းဆိုရန်။

10. သင့်ကလေးကို ဆေးရုံ သို့မဟုတ် အရေးပေါ်ဌာနမှ ဆင်းခွင့်ပြုပြီးပါက သင့်ကလေး၏ အခြေအနေနှင့် ပတ်သက်ပြီး နောက်ဆက်တွဲ ရှုပ်ထွေးမှုများ သို့မဟုတ် မေးမြန်းလိုသည်များ ရှိလာပါက မေးမြန်း အကြံဉာဏ် ရယူနိုင်ရန် ဖုန်းနံပါတ် ပေးထားရန်။

ပြည်သူ့ကျန်းမာရေးဥပဒေ (PHL) 2803(i)(g) လူနာများ၏ ရပိုင်ခွင့်များ 10NYCRR, အပိုင်း 405.7